## ( အရကျက်ရန် သက်န်းလင်္ကာ )

ချမ်းပူကိုဖျက်၊ ခြင် မှက် လေ နေ၊ ကင်းမြွေ လွှဲသည်၊ ဟိရီ ဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါကို၊ လုံပါစေလို၊ ကိုယ်ကို စံပါယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မမှန်း၊ ဤသင်္ကန်းကို၊ ဖုံးလွှမ်း ဝတ်ရုံပါသတည်း။

---

### လင်္ကာ၏ အဓိပ္ပါယ်ပြ ဖတ်စာ

(က) ငါသည် အချမ်း အအေးကို ပယ်ဖျောက်၍ နွေးစေခြင်း အကျိုးငှါ ဤသင်္ကန်းကို ဝတ်ပါသည်။

(ခ) ငါသည် မီးနှင့်စပ်သော အပူနှင့် လေပူ နေပူကို ကွယ် ကာခြင်းအကျိုးငှါ ဤသင်္ကန်းကို ဝတ်ပါသည်။

(ဂ) ငါသည် မှက် ခြင်နှင့် မြွေကင်းတို့ကို ကွယ်ကာခြင်း အကျိုးငှါ ဤသင်္ကန်းကို ဝတ်ပါသည်။

(ဃ) ရှက်သင့်သော အရာဌာန၌ ရှက်တတ်ခြင်းကို ပါဠိလို "ဟိရီ"ဟု ခေါ်၏၊ ထိုသို့ ရှက်တတ်ခြင်းကား အမျိုး ကောင်းသားသမီးတို့၏ ဂုဏ်တမျိုး ဖြစ်လေသည်။

(င) လူတို့၏ ကိုယ်အင်္ဂါအရပ်ရပ်တွင် အင်္ဂါဇာတ် ပေါ်နေ လျှင် ထိုဟိရီဂုဏ်ကို ကုန်စေ ပျက်စေတော့၏။

(စ) ငါသည် ထိုဟိရီဂုဏ်ကို ကုန်စေ ပျက်စေ တတ်သော ကိုယ်အင်္ဂါကို လုံခြုံစေခြင်း အကျိုးငှါ ဤသင်္ကန်းကို ဝတ်ပါသည်။